# သဘာဝအရင်းအမြစ်နှင့် ဖက်ဒရယ် စနစ်

# ဖွံ့ဖြိုးရေး ဖိုရမ်

# သဘောထား ထုတ်ပြန်ချက်

*ရက်စွဲ။ ။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်*

(၁) သဘာဝအရင်းအမြစ် နှင့် ဖက်ဒရယ် စနစ် အခြေခံ ဖွံ့ဖြိုးရေးဖိုရမ် တရပ်အား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ (၁၂-၁၃) ရက်နေ့ (၂) ရက်တာဖြင့် ဆီဆိုင်၊တောင်ကြီး၊ လွိုင်လင်၊ ပင်လောင်း၊ ဟိုပုံး၊ မောက်မယ် ဒေသများမှ တောင်သူလယ်သမားများ၊ ဒေသခံများ နှင့် အတူ ရှမ်း၊ ဓနု၊ ပအိုဝ်း၊ ကရင်၊ ကရင်နီ (ကယား)၊ တအာင်း(ပလောင်) မှ ဒေသနေတောင်သူလယ်သမား အရေး လှုပ်ရှားဆောင်ရွက်နေသူများ နှင့် ဥပဒေပညာရှင် အပါအဝင် စုစုပေါင်း လူဦးရေ (၁၀၆) ဦးဖြင့် မိမိဒေသများတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ဖွံ့ဖြိုးရေး ကိစ္စရပ်နှင့် ပတ်သက်ပြီး စုပေါင်းသဘောထား ထုတ်ပြန်သည်။

(၂) မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေး စီမံကိန်းများသည် သဘာဝပတ်ဝန်းကျင်၊ သယံဇာတနှင့် မြေယာများအပေါ် မူတည်၍ ပြည်တွင်းပြည်ပအကြီးစားရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက် ရှိနေသည်။ ဖွံ့ဖြိုးရေးစီမံကိန်းများသည် ဒေသခံ ပြည်သူလူထုများ၏ လွတ်လပ်သည့်သဘောထား ဆုံးဖြတ်ပါဝင်ခွင့်နှင့် အကျိုးခံစားခွင့်များကို ဦးတည်ခြင်း မရှိသည့်အပြင် စီမံကိန်းဖော်ဆောင်ရာတွင်လည်း သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ၊ မြေယာ သိမ်းဆည်းခံရမှုများ၊ ယဉ်ကျေးမှုနှင့် သဘာဝသယံဇာတဂေဟစနစ် ပျက်စီးမှုများ၊ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများ နှင့် လူမှုရေးဆိုင်ရာ ပဋိပက္ခများဆီ ဦးတည်လျက်ရှိနေပါသည်။

(၃) ကောင်းမွန်သော ဖွံ့ဖြိုးရေးသည် ဒေသနေ ပြည်သူလူထုများအတွက် အခြေခံလိုအပ်ချက် တစ်ခုဖြစ်ပြီး၊ သဘာဝသယံဇာတ၊ သဘာဝပတ်ဝန်းကျင် နှင့် မြေယာများသည် ကျွန်ုပ်တို့၏ လက်ရှိနှင့် အနာဂါတ်ဘဝ၊ အသက်နှင့် မျှော်လင့်ချက်များပင် ဖြစ်ပေသည်။ လူတစ်စု၏ အကျိုးစီးပွား ရောင်းကုန်အဖြစ် သတ်မှတ်ခြင်းမပြုသင့်ပါ။ သယံဇာတ၊ မြေယာ သဘာဝပတ်ဝန်းကျင် နှင့် အခြေခံ ဖွံ့ဖြိုးရေး ဖော်ဆောင်ရာတွင် လူထု၏ ပါဝင်ဆုံးဖြတ်ခွင့်၊ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် နှင့် စီမံခန့်ခွဲခွင့် ဆုံးရှုံးနေရခြင်းကြောင့် ဒေသအတွက် ကောင်းမွန်သော ဖွံ့ဖြိုးရေး မဖော်ဆောင်နိုင်ပဲဖြစ်နေသည်။ နိုင်ငံအုပ်ချုပ် စီမံခန့်ခွဲမှုများတွင်လည်း ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်များတွင်လည်း ဖက်ဒရယ်စနစ် ကိုအခြေမခံသည့် ဗဟိုချုပ်ကိုင်မှုနှင့် ဗဟိုထိန်းချုပ်ထားမှု များလွန်းနေခြင်းတို့ ရှိနေပေသည်။

သို့ဖြစ်ပါ၍ ဒေသတွင်းဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများ နှင့် ပတ်သက်၍ ယနေ့တက်ရောက်လာသူများမှ အောက်ပါ ရပ်တည်ချက်များဖြင့် သဘောထားထုတ်ပြန်သည်။

(၁) အကောင်အထည်ဖော်ပြီးသော၊ အကောင်အထည်ဖော်နေသော နှင့် အကောင်အထည်ဖော်ရန်ရှိနေသော ဖွံ့ဖြိုးရေး စီမံကိန်းကြီးများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများကြောင့် ဒေသခံလူထု၏ ထိခိုက်နစ်နာမှုများအား ပြန်လည်ကုစားပေးရန်။

(၂) နိုင်ငံရေးအရ တိကျခိုင်မာပြီး တန်းတူညီမျှမှုရှိသော သဘောတူညီမှုများ မရသေးချိန်တွင် အကြီးစား ရင်းနှီးမြှုပ်နှံမှုများအား ယာယီရပ်ဆိုင်းထားရန်။

(၃) ဒေသခံလူထုအား အကျိုးမပြုဘဲ သဘာဝသယံဇာတကို အခြေခံကာ လုပ်ဆောင်နေသော ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ နှင့် ဒေသနေ လူထုများ၏ အကျိုးခံစားခွင့်၊ စီမံခန့်ခွဲခွင့် နှင့် ဆုံးဖြတ်ပိုင်ခွင့် မရှိသော စီမံကိန်းများအား ရပ်တန့်ရန်။

(၄) ပြန်လည်စွန့်လွှတ်မြေများ၊ သိမ်းဆည်းမြေများအား ဒေသခံ တောင်သူများထံ လက်ရောက်အပ်နှံပေးပြီး တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းမြေ အသုံးချမှု စနစ်ကို အသိအမှတ်ပြုရန်။

(၅) ဖွံ့ဖြိုးရေးစီမံကိန်းများအား ဒေသခံ လူထုများ၏ လွတ်လပ်သည့် သဘောထားရယူခွင့် ဆုံးဖြတ်ခွင့် FPIC နှင့်အညီ ရယူပြီး လူ့အခွင့်အရေး၊ အမျိုးသမီး အခွင့်အရေး၊ လူမှုရေး၊ သဘာဝသယံဇာတ တရားမျှတရေး ကို အခြေခံကာ ဖက်ဒရယ်စနစ်အားကောင်းရေးကို ရှေးရှုသည့် ဖွံ့ဖြိုးရေးကို ဦးတည်ရန်။

(၆) ဒေသဖွံ့ဖြိုးရေး နှင့် အများပြည်သူအကျိုးအတွက်ဟုဆိုကာ ဒေသခံပြည်သူများ မလိုလားသော မြေသိမ်းယူခြင်းကို ဦးတည်သော စီမံကိန်းများအား ရှောင်ရှားပေးရန်။

**ဆက်သွယ်ရန် -**

ဒေါ်ချိုချိုပင်း _ ၀၉၂၅၃၅၀၇၉၄၂

ခွန်ဦး _ ၀၉၇၆၅၆၀၀၈၁၂

ဒေါ်ခင်မေသန်း _ ၀၉၄၂၈၃၆၆၇၉၈

နန်းရွှေလီ _ ၀၉၄၅၂၆၂၃၈၂၀